
ကောင်းဆုသာစာပေ
အောင်ကိုဦး (UMK)
လူငယ်နှင့်ယနေ့ကမ္ဘာ

## ' စာရေးသူ၏ ရင်တွင်းစကား '

ကျွန်တော့်ရဲ့ ထွက်ရှိပြီးဖြစ်တဲ့ စာအုပ်(၄)အုပ်လုံးကို တခဲနက် အားပေးကြတဲ့ စာဖတ်သူများကို အထူးကျေးဇူးတင်ပါကြောင်း ပြောပါရစေ။ အခုထွက်ရှိလာတဲ့ (၅)အုပ် မြောက် စာအုပ်လေးကိုလည်း စာဖတ်သူများအတွက် အတွေးတစ်စုံတစ်ရာ အကျိုးရှိစေ မယ့် စာစုတွေကိုပဲ စုစည်းထားတာပါ။ ဒီစာအုပ်ထဲမှာ ပါဝင်တဲ့ ရသစာစုတွေက Netguide Journal မှာ ရေးသားခဲ့တဲ့ စာစုတွေကို စုစည်းထားတာပါ။ မနှစ်က ဒီလို (၂)လပိုင်းမှာ ဒုတိယမြောက်စာအုပ်ဖြစ်တဲ့ '' အားရှိတဲ့အချိန်မှာ ခုန်လိုက်ပါ '' စာအုပ်လေးကို ဖတ်ပြီး အဲဒီ လို လူငယ်ရေးရာ စာစုတွေကို ပုံမှန်ရေးပေးပါလို့ Netguide Journal ရဲ့ အယ်ဒီတာ မဥမ္မာသန်းက ဆက်သွယ်လာတဲ့အတွက် Netguide Journal မှာ လူငယ် ရေးရာစာမူတွေကို ပုံမှန်ရေးဖြစ်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ စာမူတွေကို အပတ်စဉ် ဖော်ပြပေး ခဲ့တဲ့ အယ်ဒီတာနဲ့တကွ Netguide Journal ဝိုင်းတော်သားများ အားလုံးကိုလည်း ဒီနေရာက ကျေးဇူးတင်ကြောင်းပြောပါရစေ။ (၄)အုပ်မြောက်စာအုပ် ဖြစ်တဲ့ '' မြန်မာ လူငယ်တွေ ဘာကြောင့် မအောင်မြင်ရတာ လဲ '' စာအုပ်ကို ဖြန့်ချိပေးခဲ့တဲ့

' ကောင်းဆုသာစာပေ 'မှ ကိုဟန်သုသော်က ကျွန်တော့်ရဲ့စာမူတွေကို စာအုပ်အဖြစ် ထုတ်ဝေဖို့ ကမ်းလှမ်းလာတဲ့အတွက် ၂၀၁၆ခုနှစ်မှာ ကျွန်တော့်ရဲ့ စာအုပ်တွေကို

'' ကောင်းဆုသာ စာပေ '' နဲ့ လက်တွဲပြီး ဆက်လက်ထွက်ရှိလာဦးမယ်ဆိုတဲ့ အကြောင်း ကိုလည်း စာဖတ်သူများကို ကြိုတင်

သတင်းကောင်းပါးပါရစေ။ ကိုဟန်သုသော်ကလည်း လူငယ် စာရေးဆရာတစ်ယောက်ဖြစ်တဲ့အတွက် အတူတူ လက်တွဲလုပ်ကိုင်ရတာ အစစအရာရာ အဆင်ပြေပါတယ်။ ဒါကြောင့် ကိုဟန်သုသော်နဲ့တကွ ကောင်းဆုသာ စာပေ ဝိုင်းတော်သားများကိုလည်း အထူး ကျေးဇူးတင်ပါတယ်။

အောင်ကိုဦး (UMK) ဆိုတဲ့ စာရေးသူရဲ့ နာမည် ရှင်သန်နေစေဖို့ ကျွန်တော့်ရဲ့ စာစုတွေကို အွန်လိုင်းမှာရော၊ ပုံနှိပ်စာမျက်နှာတွေမှာ အဆက်မပြတ် အားပေးခဲ့ကြတဲ့၊ မေးခွန်းတွေ မေးပြီး ဆွေးနွေးကြတဲ့ စာဖတ်သူတွေ ဟောပြောပွဲတိုင်းမှာ တက်တက် ကြွကြွ လာရောက်နားထောင်ကြတဲ့ စာဖတ်သူတွေ၊ ဝေဖန် အကြံပြု ဆွေးနွေးကြသူတွေ ထုတ်ဝေသူတွေအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော့်ကို မွေးဖွားပေးတဲ့ ကျေးဇူးရှင်မိဘ(၂)ပါးနဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ များအားလုံးနဲ့တကွ ကျွန်တော့်ရဲ့ စာမူတွေကို ဝေဖန်အကြံပြုပေးတဲ့ ကျွန်တော့်ရဲ့ ညီမလေး စာရေးဆရာမ 'ကြယ်လေး ' ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

''ကလေး... ကလေး... အထင်မသေးနဲ့။ ကလေးကောင်းမှ လူကြီးကောင်း မယ် '' ဆိုတဲ့ ဆရာကြီးဦးအောင်သင်းရဲ့ စကားလိုပဲ လူငယ်တွေဟာ မိသားစုတစ်စုမှသည် နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဖြစ်တာကြောင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝတဲ့လူငယ်တွေ စိတ်ဓာတ်၊ စည်းကမ်း၊ အရည်အချင်း အစစ အရာရာ ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ လူငယ်တွေဖြစ်လာစေဖို့ ကိုယ်တိုင်လည်း ကြိုးစားနေရင်း၊ သိသမျှလေးတွေကို ဒီစာအုပ် လေးတွေကို ဒီစာအုပ်လေးနဲ့ ပြန်လည် မျှဝေပေးလိုက်ပါတယ်။

မြန်မာလူငယ်တိုင်း ကမ္ဘာနဲ့အညီ ရင်ဘောင်တန်းနိုင်အောင် ကြိုးစားအောင် မြင်ကြပါစေ။

**အောင်ကိုဦး (UMK)**

ဝေဖန် အကြံပြုလိုသည်ဖြစ်စေ ၊ တိုင်ပင် ဆွေးနွေးလိုသည်ဖြစ်စေ၊ စာရေးသူ ကို ဆက်သွယ်လိုပါက

Acuity English Language Center

အမှတ် ၁၀၂ (မြေညီထပ်)၊ အောင်မေတ္တာ (၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၉ ၄၂၁၇ ၅၂၅၆၈

( ဖုန်းဖြင့် ဆက်သွယ်လိုပါက စာသင်ချိန်များ ပြီးဆုံးချိန်ဖြစ်တဲ့ ည (၉)နာရီ နောက်ပိုင်းမှသာ ဆက်သွယ်ပါရန် မေတ္တာရပ်ခံပါတယ်။)

*

## ဆရာအောင်ကိုဦး (UMK)၏ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ အင်္ဂလိပ်ဘာသာစကား လေ့လာနည်းလမ်းညွှန်

၂။ အားရှိတဲ့အချိန်မှာ ခုန်လိုက်ပါ ( ပထမအကြိမ်၊ ဒုတိယအကြိမ်)

၃။ လူငယ်တွေ စဉ်းစားဖို့ ( ပထမအကြိမ်၊ ဒုတိယအကြိမ်)

၄။ မြန်မာလူငယ်တွေ ဘာကြောင့် မအောင်မြင်ရတာ လဲ

ယခု

၅။ လူငယ်နှင့် ယနေ့ကမ္ဘာ

ဆက်လက် ထွက်ရှိမည့်စာအုပ်များ

၆။ ဆံစမှ ခြေဖျားအထိ အင်္ဂလိပ်စာ ဝေါဟာရများ

၇။ သစ်ပင်ကြီးတစ်ပင် ကတိစကားလေးတစ်ခွန်း
(အတွေးရသစာစုများ)

၈။ လူငယ်တွေ အောင်မြင်ဖို့နှင့် ဘဝအောင်မြင်ရေးစာစုများ

* * *

## LOVE is Key To SUCCESS

L - Learn everywhere

O - Ovecome the challenges

V - Value your profession

E - Encourage yourself

ကွန်ပျူတာ တက္ကသိုလ်(လှော်ကား)မှာ ဒုတိယအကြိမ် ပြုလုပ်တဲ့ UCSY IT Camp ကို တက်ရောက် ဆွေးနွေးခဲ့စဉ်က လူငယ်တွေနဲ့ ဆွေးနွေးခဲ့တဲ့ အကြောင်းလေးတွေကို ပြန်မျှဝေလိုက်ပါတယ်။ ခေါင်းစဉ်ကို ဖတ်လိုက်တာနဲ့ လူငယ်တွေ စိတ်ဝင်စား စေချင်လို့ ဒီခေါင်းစဉ်ကို ပေးလိုက်တာပါ။

ဘဝအောင်မြင်ရေးနဲ့ ပတ်သက်လို့ ခေါင်းစဉ်ပေါင်းများစွာနဲ့ ပြောခဲ့၊ ရေးခဲ့တဲ့ အတွက် အကြောင်းအရာတွေလည်း မထပ်စေချင်ဘူး။ ကဲ... ပြောနေရင် ကြာပါတယ်။ ဒစဒလိုက်ကြရအောင်ပါ။ LOVE ဆိုတာ ဘာလဲ ။

L - Learn everywhere

- နေရာတိုင်းမှာ လေ့လာသင်ယူပါ။

ဘဝမှာ အောင်မြင်ချင်တဲ့ သူတွေအတွက် ကိုယ်ရဲ့ အသက်မွေးဝမ်းကြောင်း အတတ်ပညာ (ဒါမှ မဟုတ်) ကိုယ်ဖြစ်ချင်တဲ့အရာ၊ လိုအပ်ချက် စတာတွေကို နေရာတိုင်း မှာ လေ့လာသင်ယူနေဖို့ လိုပါတယ်။

ဆိုလိုတာက စာအုပ်၊ အင်တာနက်ကလည်း လေ့လာ ဖို့ လိုအပ်သလို

ကိုယ့်ကို ပြောပြ လမ်းပြနိုင်တဲ့သူတွေဆီကလည်း လေ့လာဖို့ လိုအပ်ပါ တယ်။ ကိုယ့်အတွက် ရနိုင်တဲ့ Platform အားလုံးကနေ လေ့လာသင်ယူဖို့ လိုအပ်ပါ တယ်။ နေရာတိုင်းမှာ လေ့လာသင်ယူနေခြင်းက ကိုယ့်ရဲ့ Skill အတွက် ဝမ်းစာပြည့် လာမှာ ဖြစ်ပါတယ်။

O - Overcome the challenges - စိန်ခေါ်မှုတွေကို ကျော်ဖြတ်လိုက်ပါ။

ဘဝမှာ အောင်မြင်ချင်တဲ့သူတိုင်း စိန်ခေါ်မှုတွေ အခက်အခဲတွေနဲ့ တွေ့ ကြုံ ရမှာ မလွဲဧကန်ပါ။ အဲဒါတွေကို ကျော်ဖြတ်နိုင်မှသာ အောင်မြင်မှု ပန်းတိုင်ဆီကို အရောက်လှမ်းနိုင်ကြမှာပါ။ အဲဒီ လို ကျော်ဖြတ်နိုင်ဖို့ဆိုတာကလည်း Skill တွေ ပြည့်ဝ နေမှသာ ဖြတ်ကျော်နိုင်ကြမှာပါ။ ရေမကူးတတ်တဲ့ သူတစ်ယောက်ကို ရေထဲ တွန်းချမယ် ဆိုရင်၊ ကြောက်ရွံ့နေမှာဖြစ်ပေမယ့် ရေကူးကျွမ်းကျင်သူ တစ်ယောက်ကတော့ ရေထဲ ကျမှာကို မကြောက်ပါဘူး။ ဒါက သူ့မှာ ရေကူးကျွမ်းကျင်တယ်ဆိုတဲ့ Skill ရှိနေလို့ပါ။ စိန်ခေါ်မှုတွေ အခက်အခဲတွေကို ကျော်ဖြတ်တဲ့အခါ ကျွန်တော် ရေးဖူးတဲ့ ဆင်ပုံပြင်လိုပဲ တစ်ခါရှုံးတိုင်း အရှုံးမပေးပါနဲ့။ အောင်မြင်မှုရတဲ့အထိ ကြိုးစားဖို့က ကိုယ့်တာဝန်ပါ။

V - Value your profession - ကိုယ့်ရဲ့ အသက်မွေးဝမ်းကြောင်းကို တန်ဖိုးထားပါ။

ဘဝမှာ အောင်မြင်ချင်တဲ့ လူတိုင်းအတွက် မရှိမဖြစ် အရေးကြီးတာကတော့ ကိုယ့်ရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်ကို တန်ဖိုးထားဖို့ပါ။ တန်ဖိုးထားဖို့ဆိုတာက လည်း အဲဒီ အလုပ်ကို ချစ်ဖို့ လိုအပ်ပါတယ်။ တကယ်ချစ်ရင် တကယ် တန်ဖိုးထားပါ။ တကယ် မချစ်တဲ့ အလုပ်ကို လုပ်ရင်တော့၊ တန်ဖိုး မထားဘဲ ဖြစ်ကတတ်ဆန်း ပေါ့ပျက်ပျက် လုပ်တတ်ပါတယ်။ ကိုယ့်အလုပ်ကို ကိုယ်က တန်ဖိုးထားမှ ရလဒ်ကောင်း တွေနဲ့ အောင်မြင်မှု ရနိုင်ကြမှာပါ။

E - Encourage yourself

- ကိုယ့်ကိုယ်ကိုယ် အားပေးပါ။

အောင်မြင်မှု ပန်းတိုင်ကို လျှောက်နေတဲ့အခါ အမြဲတမ်း မဖြောင့်ဖြူးနိုင်ပါ ဘူး။ အခက်အခဲတွေ ဒုက္ခတွေ စိတ်ညစ်စရာတွေ သောကတွေ အများကြီး ကြုံရတတ် ပါတယ်။ အဲဒီ အချိန်မှာ ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ့် ဘဝကို ကိုယ်ကပဲ ဖန်တီးရတာ ပါ။ ဘယ်သူကမှ လာဖန်တီးပေးလို့ မရတဲ့အတွက် ကိုယ် ဖန်တီးတဲ့ ဘဝမှာ ကြုံလာသမျှ ကိုယ့်ကိုယ်ကိုယ်သာ အားပေးလိုက်ပါ။

LOVE = L - Learn everywhere O - Ovecome the challenges V - Value your profession E - Encourage yourself

*

# SUCCESS ဆိုတာ...

S - Set Your Goal.

U - Unique Your Thoughts.

C - Challenge Yourself.

C - Compare Yourself.

E - Encourage Yourself.

S - Save Your Efforts.

S - SUCCESS is the Achievement of Your Goal.

လားရှူးမှ ၁ '' What is SUCCESS ၊. နဲ့ 10 Rules of SUCCESS ၊. '' ဆိုတဲ့ ခေါင်းစဉ် (၂)ခုနဲ့ ဟောပြော ဆွေးနွေးခဲ့ပါတယ်။ အဲဒီ အထဲကမှ What is SUCCESS ၊. ဆိုတဲ့ အကြောင်းလေးကို လားရှိုးက ပရိသတ်တွေလည်း ပြန်မှတ်မိအောင် လားရှိုး အမှတ်တရလည်းဖြစ်အောင် ဒီဆောင်းပါး လေးကို ရေးလိုက်ပါတယ်။

တကယ်တော့ ဘဝအောင်မြင်ရေးဆိုတာ လွယ်လွန်းလို့ ခက်နေတာပါ။

(It's too easy to do.) လို့ ပြောရမယ်။ လွယ်လွန်းလို့ မလုပ်ဖြစ်ကြ တာပါ။ ဘဝအောင်မြင်ရေးကို formula ထုတ်ကြည့်ရင်၊

Goal - Plan - Action - Get Goal = SUCCESS

ဒါပါပဲ။ ဘာမှ အထူးအဆန်း မရှိပါဘူး။ အရေးကြီးတာက

တကယ့်လက်တွေ့ လုပ်ဖို့ပဲ လိုအပ်တာပါ။ အောင်မြင်ချင်တဲ့သူတွေက တိကျတဲ့ ရည်မှန်းချက် ပန်းတိုင် ရှိဖို့လိုပါတယ်။ ပန်းတိုင်သိမှ လမ်းကို ရှာရမှာပါ။ လမ်းကို သိရင် ရောက်တဲ့အထိ လျှောက် ရုံပါပဲ။ ပန်းတိုင်ကို ရောက်သွားပြီဆိုရင် ဒါက သူ့အတွက် အောင်မြင်မှုရသွားတာပါပဲ။

## What's SUCCESS

Set Your Goal .

- ကိုယ့်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ပါ။

ဒီနေရာမှာလည်း ရည်မှန်းချက်ပန်းတိုင်နဲ့ ဆန္ဒကို ခွဲခြား တတ်ဖို့လိုပါတယ်။ ဥပမာ ချမ်းသာချင်သလားလို့ မေးတဲ့အခါ ချမ်းသာချင်တယ်လို့ ဖြေပါလိမ့်မယ်။ အဲဒီ ချမ်းသာချင်တယ်ဆိုတာက ဆန္ဒပါ။ နောက် (၅)နှစ်မှာ သိန်း(၅၀၀၀) ချမ်းသာချင်တယ်ဆိုမှသာ ဒါဟာ ရည်မှန်းချက်ပန်းတိုင်ပါ။

ကိုယ်ဘာဖြစ်ချင်လဲဆိုတာကို အေသင်ချိုဆွေနဲ့ ဩရသတို့ သီချင်းထဲကလို နဖူးပေါ်လက်တင် စဉ်းစားကြည့်ကြပါ။ ရင် မောနေသေးတယ်ဆိုရင်၊ သေချာတဲ့ ရည်မှန်းချက်ပန်းတိုင် မရှိသေးလို့ပါ။ ဒီနေ့ကစပြီး ရင်မမောရအောင် သေချာတဲ့ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ပါ။

Unique Your Thoughts.

- ကိုယ့်ရဲ့ အတွေးတွေကို စုစည်းလိုက်ပါ။

ဘာဖြစ်ချင်လဲလို့ တကယ် စဉ်းစားကြည့်တဲ့အခါ ဘာဖြစ်မှန်း သေသေချာချာ မသိတာဖြစ်နိုင်သလို၊ ဖြစ်ချင်တာတွေများနေတာလည်း ဖြစ်တတ်ပါ တယ်။ နောက်တစ်ခုက ကိုယ်က ဖြစ်ချင်တယ်လို့ ထင်တဲ့အရာတွေက ကိုယ်ကိုယ်တိုင် တကယ်ဖြစ်ချင်တာလား။ ဒါမှမဟုတ် ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေကြောင့်လားဆိုတာ ကွဲပြားအောင် သုံးသပ်ကြည့်ဖို့ လိုအပ်ပါလိမ့်မယ်။

ဥပမာ လူကြီးလူငယ် တော်တော်များ များ ဆော့နေကြတဲ့ ' ဃညေိပ ဃမကျ့ ' ကို ကိုယ်က ဆော့ချင်တာဟာ ကိုယ်က တကယ်ကြိုက်လို့လား။ လူတွေ တော်တော်များများ ဆော့နေကြတော့၊ ကိုယ်က မဆော့ဘူးဆိုရင်၊ ခေတ်မမီမှာစိုးလို့ လိုက်ဆော့တာလားဆိုတာကို ကွဲကွဲပြားပြား မြင်ဖို့ လိုပါလိမ့်မယ်။ ဒါကြောင့် ကိုယ်ဖြစ်ချင်တယ်လို့ ထင်တဲ့ ကိုယ့်ရဲ့စိတ်ကူး အတွေးတွေ အားလုံးကို စုစည်းကြည့်လိုက်ပါ။ ပြီးတော့ သေချာတဲ့ အဖြေတစ်ခုကို ရအောင်ရှာကြည့် လိုက်ပါ။

Challenge Yourself.

- ကိုယ့်ကိုယ်ကိုယ် စိန်ခေါ်လိုက်ပါ။

အဲဒီ လို သေချာတဲ့ အဖြေတစ်ခုရပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် စိန် ခေါ်လိုက်ပါ။ နောက်(၅)နှစ်အတွင်း သိန်း(၅၀၀၀)ရအောင်လုပ်မယ်။ တကယ်လို့ ရှုံးနိမ့် သွားရင်၊ ဘယ်လို ပေးဆပ်ရမယ်စသဖြင့် လောင်းကြေးကိုပါ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ်ပဲ စိန်ခေါ်ပါ။ ကိုယ့်ကိုယ်ကိုယ်ပဲ နိုင်အောင်ပြိုင်ပါ။ ကိုယ့်ရဲ့ အကောင်းဆုံး ပြိုင်ဖက်က ကိုယ့်ကိုယ်တိုင်ပါပဲ။

Compare Yourself.

- ကိုယ့်ကိုယ်ကိုယ် နှိုင်းယှဉ်ပါ။

ကိုယ့်ကိုယ်ကိုယ် စိန်ခေါ်ပြီးလို့ စတင်လုပ်ပြီဆိုတာနဲ့ ကိုယ့်ရဲ့ အားထုတ်မှု၊ ကိုယ့်ရဲ့ တိုးတက်မှုကို ပြန်ပြီး နှိုင်းယှဉ်ပါ။ ဘယ်တော့မှ သူများနဲ့ မနှိုင်းယှဉ် ပါနဲ့။ လူဆိုတာ ကိုယ့်ရဲ့ ပါရမီနဲ့ကိုယ်လာကြတာပါ။ ဒီနေ့တစ်နေ့တည်း သူငယ်ချင်းနှစ် ယောက် အတူတူ တက်ကြပေမယ့် ရလိုက်တဲ့ အတိုင်းအတာခြင်းက တစ်ယောက်နဲ့ တစ်ယောက် မတူနိုင်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ပဲ နှိုင်းယှဉ်ပါ။ သူများတွေနဲ့ နှိုင်း ယှဉ်ရင် ဘာတွေဖြစ်တတ်သလဲ။ ကိုယ့်ထက် နိမ့်သူနဲ့

နှိုင်းယှဉ်ရင် '' ကြည့်စမ်း။ ဒါလေး တောင် မတတ်ဘူး။ ညံ့တာပဲ '' စသည့်ဖြင့် တွေးပြီး ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်တတ် ပါတယ်။ စာနာစိတ် ဝင်တယ်။ ဖေးမ ကူညီပေးချင်ဆိုရင် တော်ပါသေးတယ်။ ဒီလိုပဲ ကိုယ့်ထက် သာတဲ့သူနဲ့ နှိုင်းယှဉ်ရင် '' သူတို့က တော်မှာပေါ့။ မိဘက ပံ့ပိုးပေးနိုင်တာ ကိုး။ ငါ့မျာုး အဲဒီ လို ပံ့ပိုးပေးလို့ကတော့ သူ့လောက်တော့ အသာလေးပါ '' စသည်ဖြင့် မနာလို ဝန်တိုဖြစ်တတ်ပါတယ်။ မုဒိတာ ပွားနိုင်ရင်၊ အားကျ အတုယူချင်ရင် ကောင်းပါ တယ်။ ဒါကြောင့် မနေ့က ကိုယ်နဲ့ ဒီနေ့ကိုယ်၊ မနှစ်ကကိုယ်နဲ့ ဒီနှစ်ကိုယ်၊ ကိုယ့်ကိုယ်ကိုယ် ပဲ နှိုင်းယှဉ်ပါ။

Encourage Your self.

- ကိုယ့်ကိုယ်ကိုယ် အားပေးပါ။

ဘဝခရီးကို လျှောက်လှမ်းကြတဲ့အခါ အောင်မြင်ဖို့အတွက် ကြိုးစားနေတဲ့ အခါ အမြဲတမ်းတော့ ပန်းခင်းတဲ့လမ်းကို လျှောက်ရမှာ မဟုတ်ပါဘူး။ အခက်အခဲတွေက နည်းမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ ကြုံနိုင်ပါတယ်။

အဲဒီ အချိန်မှာ ဘယ်သူတွေ ကိုယ့်အနားမှာ ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ့်ကိုယ်ကိုယ် အားပေးပါ။ ကျွန်တော်ကိုယ်တိုင် တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် အားပေးပြီး အခက်အခဲ တွေကို ဖြတ်ကျော်ခဲ့ရပါတယ်။ ဒီအကြောင်းတွေကို ရေးပြနေရင်၊ စာရှည်မှာစိုးတာရယ်၊ ကိုယ်ရည်သွေးတယ်လို့ ဖြစ်မှာစိုးတာရယ်၊ ပြီးတော့ ကိုယ်ရေးကိုယ်တာတွေ ပါဝင် တာကြောင့် မရေးပြတော့ပါဘူး။ ဒါပေမဲ့ တကယ်သင်ခန်းစာ ယူဖို့ သိချင်တယ်ဆိုရင်၊ မက်ဆေ့နဲ့ပဲဖြစ်ဖြစ်၊ ဖုန်းဆက်ပြီးပဲဖြစ်ဖြစ် မေးမြန်းနိုင်ပါတယ်။

Save Your Efforts.

- ကိုယ့်ရဲ့အားထုတ်မှုတွေကို ထိန်းသိမ်းပါ။

လူတွေက နည်းနည်းလေး နေရာရလာတဲ့အခါ အောင်မြင်လာ တဲ့အခါ

သာယာတတ်ကြပါတယ်။ အဲဒီ လို သာယာနေပြီးတော့ ကိုယ့်ရဲ့ အားထုတ်မှုတွေ ကို အပြီးအပိုင် 'Save ' မလုပ်လိုက်မိရင်၊ မြောင်းထဲကို ပြန်ရောက်သွားနိုင်ပါတယ်။ ကွန်ပျူတာ စကားနဲ့ပြောရရင် အခုနေအောင်မြင်နေတဲ့ အောင်မြင်မှုလေးက memory ထဲမှာပဲ ရှိပါသေးတယ်။ ' Hard disk 'ထဲကို မရောက်သေးပါဘူး။ 'Ctrl + S ' နှိပ်ဖို့ မမေ့ပါနဲ့။ အဲဒီ လို မဟုတ်ရင်၊ အချိန်မရွေး ပျောက်ပျက်သွားနိုင်ပါသေးတယ်။ ဒါကြောင့် ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ ရလာတဲ့ အောင်မြင်မှုကို 'Ctrl + S 'လုပ်လိုက်ပါ။

SUCCESS is the Achievement of Your Goal .

အောင်မြင်မှုဆိုတာ ကိုယ့်ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိခြင်းပါ။

အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း အဆင့်ဆင့်ကျော်ဖြတ်ပြီးလို့ ကိုယ့်ရဲ့ ရည်မှန်း ချက်ပန်းတိုင်ကို ရောက်ရှိသွားပြီ ၊ ရရှိပိုင်ဆိုင်သွားပြီဆိုရင် ဒါက ကိုယ့်ရဲ့အောင်မြင်မှုပါ။ ဒီနေရာမှာ အောင်မြင်တာနဲ့ ကျော်ကြားတာကို သပ်သပ်စီခွဲပြီး မြင်ဖို့လိုပါတယ်။ အဲဒီ နှစ်ခု က တစ်ပေါင်းတည်း တွဲပြီး တွေ့ရတတ်ပေမယ့် တကယ်တော့ သပ်သပ်စီပါ။ အောင်မြင် သူတိုင်းလည်း မကျော်ကြားကြသလို ထင်ပေါ်ကျော်ကြားသူတိုင်းလည်း အောင်မြင်သူ တွေတော့ မဟုတ်ကြပါဘူး။

*